အခန်း ၁၀။

# အရေးပေါ်နှင့်သဘာဝဘေးအန္တရာယ်



## ၁။ အရေးပေါ်အခြေအနေ၌ ဆက်သွယ်ရန် ဖုန်းနံပါတ်

### ၁-၁။ အရေးပေါ်ဆေးကုသမှုလိုအပ်ခြင်းနှင့်ဒဏ်ရာရခြင်း၊မီးလောင်မှုစသည်(ဖုန်းနံပါတ် ၁၁၉)

အရေးပေါ်ဆေးကုသမှုလိုအပ်ခြင်းနှင့်ဒဏ်ရာရခြင်း၊ မီးလောင်မှုစသည် ဖြစ်ပွားပါက ဖုန်းနံပါတ် “၁၁၉” သို့ ဖုန်းဆက်အကြောင်းကြားပါ။

#### အရေးပေါ်ဆေးကုသမှုလိုအပ်လျှင်၊ ဒဏ်ရာရလျှင်

(၁) ဖုန်းနံပါတ်“၁၁၉”သို့ ဖုန်းဆက်ပါက အော်ပရေတာမှ “မီးလောင်မှုလား၊ အရေးပေါ်ကယ်ဆယ်ရေးလား” ဟု မေးမြန်းမည်ဖြစ်ရာ “အရေးပေါ်ကယ်ဆယ်ရေး” ဟု ပြန်လည်ဖြေကြား ပါ။

(၂) အရေးပေါ်ယာဉ်ကိုလာရောက်စေလိုသည့်နေရာနှင့် ထိုနေရာရှိ အထင်ကရအမှတ်အသားတို့ ကို ပြောကြားပါ။

(၃) အရေးပေါ်အကူအညီလိုအပ်သူ၏ ရောဂါလက္ခဏာနှင့် အသက်အရွယ်ကို ပြောကြားပါ။

(၄) သင့်၏အမည်နှင့် ဆက်သွယ်ရန်လိပ်စာကို ပြောကြားပါ။

**အောက်ပါ အင်တာနက်စာမျက်နှာတွင် အရေးပေါ်ယာဉ်ခေါ်နည်းကို ဖတ်ရှုနိုင်သည်။**
**(ဘာသာစကားအမျိုးမျိုးဖြင့် ဖတ်ရှုနိုင်သည်။)**
https://www.fdma.go.jp/html/life/gaikokujin_kyukyusya_guide/index.html

#### မီးလောင်မှုဖြစ်ပွားလျှင်

(၁) ဖုန်းနံပါတ်“၁၁၉”သို့ဖုန်းဆက်ပါက အော်ပရေတာမှ “မီးလောင်မှုလား၊ အရေးပေါ် ကယ်ဆယ်ရေး လား” ဟု မေးမြန်းမည်ဖြစ်ရာ “မီးလောင်မှု” ဟု ပြန်လည်ဖြေကြားပါ။

(၂) မီးလောင်မှုဖြစ်ပွားသောနေရာကို ပြောကြားပါ။

(၃) သင့်၏အမည်နှင့် ဆက်သွယ်ရန်လိပ်စာကို ပြောကြားပါ။

## ၁-၂။ ယာဉ်မတော်တဆမှုနှင့်ရာဇဝတ်မှုဆိုင်ရာထိခိုက်နစ်နာမှု (ဖုန်းနံပါတ်“၁၁၀”)

- ယာဉ်မတော်တဆမှု၊ ရာဇဝတ်မှုများနှင့်ကြုံတွေ့၍ ရဲအရာရှိကို ချက်ချင်းလာရောက်စေလိုသော အခါ၌ ဖုန်းနံပါတ်“၁၁၀”ကိုဆက်သွယ်၍ ရဲစခန်းသို့ အကြောင်းကြားပါ။
- ဖုန်းနံပါတ်“၁၁၀”ကိုဆက်သွယ်သောအခါ၌ အော်ပရေတာမှ များသောအားဖြင့် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းမည်ဖြစ်သည်။ ထိုအခါ စိတ်ကို တည်တည်ငြိမ်ငြိမ်ထား၍ အတတ်နိုင်ဆုံး မှန်ကန်တိကျစွာ ဖြေကြားပါ။

(၁) မည်သည့်အချိန်မည်သည့်နေရာ၌ မည်သည့်အကြောင်းအရာဖြစ်ပွားခဲ့သည်

(၂) သင့်၏ အမည်နှင့်ဆက်သွယ်ရန်လိပ်စာ

(၃) ယာဉ်မတော်တဆမှုကျူးလွန်သည့်တစ်ဖက်လူ နှင့် အပြစ်ကျူးလွန်သည့် တရားခံ၏ ကျား/မ၊ ဦးရေ၊ အသက်အရွယ်၊ အဝတ်အစား စသည်ဖြင့်

(၄) ထိခိုက်ဒဏ်ရာရသူ ရှိမရှိ

- မိမိကိုယ်တိုင်ဖုန်းမဆက်နိုင်သောအခါမျိုး၌ အနီးအနားတွင်ရှိသောသူများထံ အကူအညီတောင်းခံ ပါ။



